[illegible]
**Karenni Civil Society Network**
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

**အောက်တိုဘာလ ၂၄ရက်၊ ၂၀၂၃ ခုနှစ်**


## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ အောက်တိုဘာလ ၉ရက်မှ အောက်တိုဘာလ ၂၂ရက်နေ့ထိ၊၂၀၂၃ ခုနှစ်

## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ – အောက်တိုဘာလ ၈ ရက်၊ ၂၀၂၃ | အောက်တိုဘာလ ၉ ရက် မှ အောက်တိုဘာလ ၂၂ ရက် ၊၂၀၂၃ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၄၁၄ | ၂ | ၄၁၆ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၅၅ | | ၃၅၅ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၄၆၄ | ၁ | ၄၆၅ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၆၇ | | ၁၆၇ |
| | ဒီးမော့ဆိုမြို့နယ် | ၆၂၀ | | ၆၂၀ |
| | မယ်စဲ့မြို့နယ် | ၃၁ | | ၃၁ |
| | ဖယ်ခုံမြို့နယ် | ၃၇၆ | | ၃၇၆ |
| | ဖရူဆိုမြို့နယ် | ၁၅၁ | | ၁၅၁ |
| | ဘောလခဲမြို့နယ် | ၃၃ | | ၃၃ |
| | ရှားတောမြို့နယ် | ၁၆ | | ၁၆ |
| | ဖားဆောင်းမြို့နယ် | ၃၂ | | ၃၂ |
| ၅ | **ထုတ်ပယ်ခြင်းခံရသော CDM ပညာရေးဝန်ထမ်းများ** | | | |
| | ဖရူဆိုမြို့နယ် | ၅၂၆ | | ၅၂၆ |
| | ဒီးမော့ဆိုမြို့နယ် | ၁၁၂၃ | | ၁၁၂၃ |
| | မယ်စဲ့မြို့နယ် | ၇၈ | | ၇၈ |
| | ဖါးဆောင်းမြို့နယ် | ၁၅၂ | | ၁၅၂ |
| | ရှားတောမြို့နယ် | ၅၄ | | ၅၄ |

| | | | | |
|---|---|---|---|---|
| | ဖယ်ခုံမြို့နယ် | ၆၄၈ | | ၆၄၈ |
| | ဘောလခဲမြို့နယ် | ၄၂ | | ၄၂ |
| | **စုစုပေါင်းထုတ်ပယ်ခြင်း** | ၂၆၂၃ | | **၂၆၂၃** |

| **ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း** | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ အောက်တိုဘာလ ၈ ရက်နေ့ အထိ ၂၀၂၃** | **IDPs အသစ် အောက်တိုဘာလ ၉ ရက် – အောက်တိုဘာလ ၂၂ ရက်** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၅၂၃၁၁ | | ၅၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၄၄၀၃ | ၁၀၀၀၀ | ၁၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | **စုစုပေါင်း** | **၂၃၂၆၁၅** | | **၂၄၂၆၁၅** |


စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ အောက်တိုဘာလ(၉)ရက်နေ့မှ (၂၂)ရက်နေ့ထိ၊ ၂၀၂၃ခုနှစ်
N
W
E
S
ရှမ်းပြည်နယ်
ရှမ်းပြည်နယ်
Nam Thabet
ဖယ်ခုံ
မိုးဗြဲ
လွိုင်ကော်
ဒီမောဆို
ရှားတော
ဖရူဆို
ဘောလခဲ
ရွာသစ်
ဖါးဆောင်း
မော်ချီး
မယ်စဲ့
ကရင်ပြည်နယ်
ထိုင်းနိုင်ငံ
ဘီပီ - ၉
ဘီပီ - ၁၀
ဘီပီ - ၁၁
ဘီပီ - ၁၃
ဘီပီ - ၁၄
ဘီပီ - ၁၅
ဘီပီ - ၁၆
# ၁
# ၂
အညွှန်း
မြို့နယ်
လက်နက်ကြီးဖြစ် ပစ်ခပ်မှု
KA + KNDF နှင့် စကစ တိုက်ပွဲနေရာများ
တည်ဆောက်ရန် လျာထားသည့်ရေကာတာများ
တည်ဆောက်ပြီးရေကာတာများ
သတ္တုသန့်စင်စက်ရုံနေရာ
စကစ မှ ဖြုတ်သိမ်းသော ရှေ့တန်းတပ်စခန်းများ
မြန်မာ စစ်တပ်ရှေ့တန်းတပ်စခန်းများနှင့် စစ်တပ်အခြေပြုနေရာများ
ကရင်နီဒုက္ခသည် စခန်း (၁),( ၂)
ဘီပီ -၉ မှ ၁၆
လမ်း
မြစ်၊ ချောင်း
KA/KNDF မှ ပိတ်ထားသောလမ်း
ပြည်နယ် နယ်နိမိတ်
0 5 10 20 Kilometers
Source: Esri, Maxar, Earthstar Geographics, and the GIS User Community

**ဖရူဆိုမြို့နယ် တောင်ဘက်ခြမ်း စစ်ကောင်စီ လေကြောင်းတိုက်ခိုက်မှုကြောင့် လူဦးရေ တစ်သောင်းထွက်ပြေးတိမ်းရှောင်**

အောက်တိုဘာလ လဆန်းပိုင်းအတွင်း ဖြစ်ပွားခဲ့သည့် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဖရူဆိုမြို့နယ် တောင်ဘက် တော်ခူကျေးရွာအုပ်စုမှ လူဦးရေ တစ်သောင်း ထွက်ပြေးတိမ်းရှောင်နေကြရသည်။ ယခင်က စစ်ကောင်စီတပ်များ၏ တိုက်ခိုက်ခြင်းမခံခဲ့ရသော ထိုကျေးရွာအုပ်စုသို့ အခြားဒေသများမှ လာရောက်စစ်ဘေးရှောင်နေကြရသည်။ သို့သော်လည်း စစ်ကောင်စီတပ်များမှ လေကြောင်းတိုက်ခိုက်ခဲ့အပြီး ဒေသခံများ နီးစပ်ရာတောတွင်းသို့ ထွက်ပြေးတိမ်းရှောင်နေကြရသည်။ လွန်ခဲ့သည့် နှစ်ပတ်အတွင်း စစ်ကောင်စီတပ်များ ကရင်နီပြည်နယ်အတွင်း အဓိက သယ်ယူပို့ဆောင်ရေး လမ်းကြောင်းအား ရှင်းလင်းနိုင်ရန်အတွက် ဒီးမော့ဆိုအနောက်ဘက်ခြမ်း စစ်ဘေးရှောင်နေရာများနှင့် မိုးဗြဲမြို့အတွင်းသို့ လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်။

အောက်တိုဘာလ ၉ ရက်၊ နံနက် ၆ နာရီအချိန်တွင် ရှမ်းပြည်နယ်နှင့် ကရင်နီပြည်နယ် နယ်စပ် မိုးဗြဲမြို့၊ ဒုန်းဒူထန်ရပ်ကွက်တွင် ကရင်နီပူးပေါင်းတပ်ဖွဲ့များနှင့် စစ်ကောင်စီတပ်တို့ တိုက်ပွဲ ၂ နာရီကြာဖြစ်ပွားခဲ့ပြီး တိုက်ပွဲအတွင်း စစ်ကောင်စီတပ်မှ ၁၀ ဦးထက်မနည်း သေဆုံးသည်။ ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ မိုးဗြဲပြည်သူ့ကာကွယ်ရေးတပ် တစ်ဦးကျဆုံးပြီး သုံးဦးပြင်းထန်စွာ ဒဏ်ရာရရှိသွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားနေ၍ စစ်ကောင်စီတပ်များဖြစ်သော အမှတ် ၇ စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်လက်အောက်ခံ ဖယ်ခုံအခြေစိုက် ခမရ ၃၃၆၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် လက်အောက်ခံ မိုးဗြဲအခြေစိုက် ခမရ ၄၂၂ တပ်ရင်းများနှင့် ဖယ်ခုံအခြေစိုက် အမြောက်တပ်တို့မှ မိုးဗြဲမြို့အတွင်းသို့ လက်နက်ကြီးများ ပစ်ခတ်ခဲ့သည်။

အောက်တိုဘာလ ၁၅ ရက်၊ ည ၇ နာရီအချိန်တွင် ဒီးမော့ဆိုအနောက်ခြမ်း စစ်ဘေးရှောင်များရှိသည့် ကျေးရွာများအား စစ်ကောင်စီတပ်များမှ လက်နက်ကြီး ၇ လုံးဖြင့် ပစ်ခတ်ခဲ့သည်။


စကာစ ရိုက်နက်မှုကြောင့် အမျိုးသားတစ်ဦးသေဆုံး


စကာစ လက်နက်ကြီးပစ်ခတ်မှုကြောင့် ၇ ရက်သားကလေးငယ်သေဆုံး

အောက်တိုဘာလ ၁၉ ရက်၊ အောက်တိုဘာလ ၃ရက်နေ့တွင် အသက် ၃၀အရွယ်အမျိုးသားတစ်ဦးအား လောပိတအခြေစိုက် ခလရ (၇၂)တပ်မှ ဖမ်းဆီးရိုက်နှက်ခဲ့မှုကြောင့် အောက်တိုဘာလ ၁၉ရက်နေ့တွင် မန္တလေးဆေးရုံ၌ ဆေးကုသမှုခံယူရင်း သေဆုံးသွားခဲ့ပါသည်။

အောက်တိုဘာလ ၂၀ ရက်၊ အသက် ၃၃ နှစ်အရွယ် အမျိုးသားတစ်ဦး ဖရူဆိုမြို့နယ်၊ ဒေါ်ညေးခူကျေးရွာတွင် မြေမြှုပ်မိုင်းနင်းမိပြီး ခြေထောက်တစ်ဖက် ဆုံးရှုံးလိုက်ရသည့်အပြင်၊ လက်တစ်ဖက်နှင့် မျက်နှာတွင်လည်း ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။

အောက်တိုဘာလ ၂၁ ရက်၊ ည၈ နာရီအချိန်တွင် စစ်ကောင်စီတပ်များမှ ဒီးမော့ဆိုအနောက်ခြမ်းသို့ လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်ကာ စစ်ဘေးရှောင်စခန်းအတွင်း ကျရောက်ပေါက်ကွဲ၍ ဆီးသူတော် စစ်ဘေးရှောင်စခန်းမှ ၇ရက်သားအရွယ်ရှိ ကလေးငယ်တစ်ဦး လန့်ဖြန့်ကာ သေဆုံးသွားခဲ့သည်။

**ontact persons:**
Khu Ko Reh Tel: +66 6 5329 7814

Khu Ruby Tel: +66 6 24251608
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com